# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၂၈) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၆ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၀.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃၀-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၆ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၀ ဦးအနက် ၃၁ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၂) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၉) သံလျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။

**သာစည်မြို့နယ်အတွင်းရှိ သဲပွတ်ကျေးရွာနှင့် ကျွဲဒတ်ကျေးရွာအုပ်စုများအတွက် စက်ရေးတွင်းများ တူးဖော်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေတွေပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း သက်ဆိုင်ရာမြို့နယ်များမှာ လွှတ်တော်ကိုယ်စားလှယ်ရုံးတွေ ဖွင့်လှစ်ပြီးတော့ လုပ်ငန်းတွေလည်းဆောင်ရွက်လျက်ရှိနေကြပြီလို့ကြားသိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရုံးများအနေနဲ့ ဒေသအာဏာပိုင်များနဲ့လည်းကောင်း၊ ဌာနဆိုင်ရာများနဲ့လည်းကောင်း၊ ပါတီများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရုံးလုပ်ငန်းဆောင်ရွက်ရာမှာသုံးစွဲလျက်ရှိတဲ့ ဝင်စာ/ထွက်စာအမှတ်များဟာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းသလို မဲဆန္ဒနယ်မြေ တစ်ခုနှင့် တစ်ခုမတူညီတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်၍ အောက်ပါမေးခွန်းအား မေးမြန်းအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရုံးများမှာ လက်စွဲအသုံးပြုနိုင်ရန် စာအမှတ်တွေ၊ တံဆိပ်တုံးတွေကို တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်ရေး ထုတ်ပြန်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ဆိုင်ရာ သက်ဆိုင်ရာတာဝန်ရှိသူမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာ စိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ပြည်ထောင်စုအဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများအားလုံးအား မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာ စိုးရင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဦးကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရုံးများတွင် လက်စွဲအသုံးပြုနိုင်ရန် စာအမှတ်များ၊ တံဆိပ်တုံးများ တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်ရေး ထုတ်ပြန်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ယင်းကဲ့သို့ထုတ်ပြန်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာနဲ့ညှိနှိုင်း၍ အတည်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**သာစည်မြို့နယ်အတွင်းရှိ သဲပွတ်ကျေးရွာနှင့် ကျွဲဒတ်ကျေးရွာအုပ်စုများအတွက် စက်ရေးတွင်းများ တူးဖော်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ သာစည်မြို့နယ်အတွင်းရှိ သဲပွတ်ကျေးရွာအုပ်စုနှင့် ကျွဲဒတ် ကျေးရွာအုပ်စုများမှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်များနဲ့ထိစပ်နေသော တောင်ပေါ်ဒေသများဖြစ်ပါတယ်။ ၎င်းဒေသမှာ မိုးရေကိုသာစုဆောင်းပြီး ချွေတာစုဆောင်းသုံးစွဲရ ကြောင်း၊ မိုးရေလှောင်ကန်များလည်း အလုံအလောက်မရှိ၍ နွေရာသီမှာ သောက်သုံးရေအတွက် အခက်အခဲကြုံရကြောင်း၊ ရွာငံမြို့နယ်အတွင်းမှကျေးရွာများအထိ သွားရောက်ခပ်ယူရကြောင်း၊ ယခုအချိန်အထိ မြေအောက်စက်ရေတွင်းများမတူးနိုင်ခဲ့ကြောင်း လေ့လာသိရှိခဲ့ပါတယ်။ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် မိုးရေလှောင်ကန်ကြီးများ တည်ဆောက်ထားပေးသော်လည်း လုံလောက်မှုမရှိပါဘူး။ ယခုနှစ်ဇွန်လပိုင်းအထိမိုးမရွာ၍ ရေလှောင်ကန်များအတွင်း မိုးရေဝင်ရောက် စုဆောင်းနိုင်မှုမရှိသေးကြောင်းကိုလည်းတွေ့ရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းရှိ

သဲပွတ်ကျေးရွာအုပ်စုနှင့် ကွဲ့ဒတ်ကျေးရွာအုပ်စုများမှ ကျေးရွာများအတွက် နိုင်ငံတော်အစိုးရ အစီအစဉ်နှင့် စက်ရေတွင်းများတူးဖော်ပေးနိုင်ပါရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက ဆောင်ရွက်ပေးနိုင်မည့်အချိန်ကာလကို သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၅၅၅.၅၆ သန်းဖြင့် မြို့နယ်ပေါင်း ၁၉ မြို့နယ်မှ ကျေးရွာပေါင်း ၃၁ ရွာမှာ စက်ရေတွင်း ၂၃ တွင်း၊ မြေသားရေကန် ၄ ကန်၊ စိမ့်စမ်းရေသွယ်ခြင်း ၄ ခု၊ စုစုပေါင်းလုပ်ငန်း ၃၁ ခုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်းပဲ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၇ မြို့နယ်မှကျေးရွာ ၄၁ ရွာမှာ စက်ရေတွင်း ၃၃ တွင်း၊ လက်တူးတွင်း ၃ တွင်း၊ စိမ့်စမ်းရေသွယ်ခြင်း ၅ ခု၊ စုစုပေါင်းလုပ်ငန်း ၄၁ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၇၄၇ သန်းဖြင့် ဆောင်ရွက်ရန် လျာထားတဲ့အနက် သာစည်မြို့နယ်၊ အင်းရွာကျေးရွာအုပ်စု အင်းရွာမှာ စက်ရေတွင်း ၁ တွင်း၊ အိုင်ဒွန်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာ၊ သဲပွတ်ကျေးရွာအုပ်စု သဲပွတ်ကျေးရွာနှင့် အင်းနီကျေးရွာများမှာ လက်တူးတွင်း ၁ တွင်းစီဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှတင်ပြလာတဲ့ နွားထိုးကြီးမြို့နယ် ရွာသစ်ကျေးရွာနှင့် စိန်ပန်းကျင်းကျေးရွာ၊ မလှိုင်မြို့နယ် ဒဟတ်တောကျေးရွာနှင့်

ဝွေးညိုပင်ကျေးရွာ၊ စုစုပေါင်းကျေးရွာ ၄ ရွာမှာ စေတနာရှင်၊ အလှူရှင်များရဲ့အကြိမ် ၂၀ မြောက် လှူဒါန်းငွေနဲ့ စက်ရေတွင်းတူးဖော်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ မေးမြန်းလာသော သာစည်မြို့နယ် သဲပွတ်ကျေးရွာအုပ်စုရှိ အင်းနီကျေးရွာ၊ သဲပွတ်ကျေးရွာ၊ ငှက်ပျောတောကျေးရွာနှင့် ကုန်းပေါ်ကျေးရွာ၊ ကျွဲဒတ်ကျေးရွာအုပ်စုရှိ ကျွဲဒတ်ကျေးရွာ၊ ကျောက်ပချပ်ကျေးရွာနှင့် မျက်ခါးအင်းကျေးရွာများတွင် စက်ရေတွင်းတူးဖော်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ တောင်ပေါ်ဒေသကျေးရွာများဖြစ်တဲ့အတွက် စက်ရေတွင်းတူးဖော်ရန်အခက်အခဲရှိခြင်း၊ စိမ့်စမ်းရေးထွက်များမရှိခြင်းတို့ကြောင့် မိုးရေလှောင်ကန်များတူးဖော်၍ ရေရယူသုံးစွဲနေကြကြောင်းတွေ့ရှိရပါတယ်။ သဲပွတ်ကျေးရွာအုပ်စုနှင့် ကျွဲဒတ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှာ ကျောက်လွှာများထူထပ်သဖြင့် စက်ရေတွင်းတူးဖော်ရန် အခက်အခဲရှိပါကြောင်းနှင့် မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အင်းနီကျေးရွာ၊ သဲပွတ်ကျေးရွာနှင့် ကျွဲဒတ်ကျေးရွာများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ငှက်ပျောတောကျေးရွာ၊ ကုန်းပေါ်ကျေးရွာ၊ ကျောက်ပချပ်ကျေးရွာနှင့် မျက်ခါးအင်းကျေးရွာများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတွင်လည်းကောင်း လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လွိုင်လင်-မိုင်းပန်လမ်းမကြီးတွင်ရှိသော နမ့်တွန်ချောင်းပေါ်တွင်တည်ဆောက်ထားသည့် သံပေါင်ဘေလီတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမဲဆန္ဒနယ် ဦးစိုင်းကျော်မြင့်ဖြစ်ပါတယ်။ လွိုင်လင်-နမ့်စန်-မိုးနဲ-လင်းခေး၊ မိုင်းပန်လမ်းမကြီးတွင် ရှိသော မိုးနဲနှင့် လင်းခေးအကြား မိုးနဲမှ ၃ မိုင်ခွဲခန့်ရှိသော သံပေါင်ဘေလီတံတားသည် ပြိုကျသွားမည်ကို စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေပါသည်။ တံတားအရှည်မှာ Span ၈၅ ပေ၊ အကျယ် ၁၂ ပေရှိပါသည်။ တံတားအလယ်၌ သစ်သားတိုင် ၄ တိုင် ၂ တန်းဖြင့် ထောက်ထားပါသည်။ နမ့်တွန်ချောင်းပေါ်တွင်တည်ဆောက်ထားရာ မိုးရာသီ နမ့်တွန်ချောင်းရေစီးအားနှင့်အတူမျောပါလာ

သော သစ်ကိုင်းသစ်ခက်များသည် တံတားကိုထောက်ထားသော အလယ်တိုင်နဲ့တစ်ခံနေပြီး တံတား အထက်ပိုင်းတစ်လျှောက် စိုက်ပျိုးလယ်မြေများရေနစ်မြုပ်စေပါသည်။ သို့ဖြစ်ပါ၍ ၎င်းတံတားကို အသစ်ပြန်လည် တည်ဆောက်ပေးနိုင်မည့်အစီအစဥ်ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မိုးနဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုင်းကျော်မြင့်မှမေးမြန်းထားတဲ့ လွိုင်လင်-နမ့်စန်-မိုးနဲ-လင်းခေး-မိုင်းပန်လမ်း ပေါ်မှာရှိတဲ့ နမ့်တွန်ချောင်းပေါ်မှာတည်ဆောက်ထားတဲ့ သံပေါင်ဘေလီတံတားအား အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိသိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်မှာရှိတဲ့ မိုင်တိုင် (၃၄/၇)နှင့် (၃၅/၀) ကြားမှာရှိပြီးတော့ မိုးနဲမြို့ကနေ ၃ မိုင်ခွဲခန့် အကွာမှာရှိတဲ့ နမ့်တွန်ချောင်းတံတားဟာ အောက်ထည်သစ်သားတိုင်၊ အပေါ်ထည်တစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းဖြစ်ပြီးတော့ အရှည် ၁၀၀ ပေ၊ အကျယ် ၁၂ ပေရှိတာ ဖြစ်ပါတယ်။ ဒီတံတားပေါ်မှာ နေ့စဥ်ဖြတ်သန်းသွားတဲ့ ယာဥ်စီးရေ ၂၀ ခန့်ရှိတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားအမှတ် (၁/၃၅) နမ့်တွန်ချောင်းတံတားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ၇.၅၄ သန်းနဲ့ သစ်သားကြမ်းခင်း၊ ဘီးလမ်းအားလုံးနှင့် တိုင်စင်များရဲ့ကြံ့ခိုင်မှုအားနည်းနေတဲ့ ယက်မနှင့် ချုပ်တန်းများကို အသစ် လဲလှယ်ပြုပြင်ထားရှိပါတယ်။ လက်ရှိအခြေအနေမှာ တံတားကြံ့ခိုင်ကောင်းမွန်အောင်လည်းပဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တံတားတိုင်စင်နှင့် ချုပ်တန်းများကိုလည်းထည့်ပြီးတော့ ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီတံတားကို သံကူကွန်ဂရစ်တံတား အသစ်

ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နတ်မောက်မြို့အပိုင်းမှ ယင်းချောင်း၊ သစ်ပုံဆည်၊ မြို့သစ်ဘက်ခြမ်းမှ တွင်းလည်၊ ဆင်းမကျဲတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ နတ်မောက်မြို့ရဲ့တောင်ဘက် နတ်မောက်မြို့နှင့် မြို့သစ်မြို့တို့ ဆက်သွယ်ထားသော ကားလမ်းတွင် ယင်းချောင်းတံတားနှင့် သစ်ပုံဆည်တံတားတို့ဟာ ဘေလီတံတားများဖြစ်ကြပါတယ်။ မြို့သစ်ဘက်မှာလည်း တွင်းလည်တံတားနှင့် ဆင်မကျဲတံတားတို့ဟာ သစ်သားတံတားများဖြစ်ကြပါတယ်။ ဒီလမ်းပေါ်မှာ မော်တော်ကားများစွာ နေ့စဉ်ဖြတ်သန်းသွားလာတဲ့နေရာမှာ တံတားအမျိုးအစားကြောင့် ခံနိုင်ရည်ရှိသောလူစီးကားများသာ ယင်းတံတားများပေါ်မှ ဖြတ်သန်းခွင့်ပြုထားပါတယ်။ ယင်းချောင်းဟာ သဲထုအလွန်ကြီးတဲ့ချောင်းဖြစ်တဲ့အတွက်ကြောင့် သဲကျွံသဲနစ်ခြင်း မကြာခဏဖြစ်ကြရ၍ ကားများမှာ တံတားများပေါ်မှ ဖြတ်ခွင့်မရကြသဖြင့် မလာကြတော့ကြောင်း သိရပါတယ်။ အကယ်၍ ယခုတံတားများသာ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပြီးပါက ရာသီမရွေး၊ ကားများ တန်ချိန်မရွေး ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါ၍ ကုန်စည်စီးဆင်းမှုမှာလည်း ယခုထက်ပိုမိုမြန်ဆန်သွားမည်ဖြစ်ပါတယ်။ ယခုအခါ ယင်းချောင်းတံတားအတွက် ဖြတ်သန်းခကောက်ခံနေပေမယ်လို့လည်း တံတားမှာ အဆင့်မြင့်မလာဘဲ ယာဉ်များမှာ ချောင်းအတွင်းမှ ဖြတ်သန်းနေကြရတဲ့အတွက်ကြောင့် မိုးတွင်းရောက်လာတဲ့အတွက်ကြောင့် မလာရဲကြဘဲ ဖြစ်နေကြပါတယ်။ သို့ဖြစ်ပါ၍ နတ်မောက်မြို့အပိုင်းမှ ယင်းချောင်းတံတားနှင့် သစ်ပုံဆည်တံတား၊ မြို့သစ်ဘက်ခြမ်းမှ တွင်းလည်သစ်သားတံတားနှင့် ဆင်မကျဲသစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးမြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ ဒေသခံပြည်သူများရဲ့ကိုယ်စားပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးမှ မေးမြန်းထားတဲ့ နတ်မောက်မြို့အပိုင်းမှာ ယင်းချောင်တံတားနှင့် သစ်ပုံဆည်တံတား၊ မြို့သစ်ဘက်ခြမ်းမှ တွင်းလည် သစ်သားတံတားနှင့် ဆင်မကျသစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ်အစားထိုး အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ်ရှိ/ မရှိသိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တောင်တွင်းကြီး- မြို့သစ်- နတ်မောက်လမ်းပေါ်မှာ တံတား ၄ စင်းရှိပါတယ်။ ဒီတံတား ၄ စင်းနှင့်ပတ်သက်ပြီးတော့ တံတား ၁ စင်းချင်း အလိုက်တင်ပြရလျှင် ပထမတံတားဖြစ်တဲ့ မိုင် ၂၆/၀ နှင့် ၂၆/၁ အကြားမှာရှိတဲ့ ယင်းချောင်းတံတား ၃၂၀ ပေအရှည်ဟာ လက်ရှိမှာ သစ်သားတိုင်စင်များဖြင့်တည်ဆောက်ထားပြီးတော့ ဘေလီသံပေါင် ၂၀၀ ပေအရှည်နှင့် သစ်သား ၁၂၀ ပေအရှည်နဲ့တည်ဆောက်ထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ် ၆၄၀ သန်းဖြင့် ၃၂၀ ပေအရှည် သံကူကွန်ကရစ်အုတ်မြစ်၊ ကွန်ကရစ်တိုင်နှင့် ဘေလီတံတားအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒုတိယတံတားဖြစ်တဲ့ မိုင် ၂၄/၁ နှင့် ၂၄/၂ အကြားမှာရှိတဲ့ သစ်ပုံဆည်ဘေလီတံတားဟာ ၅၀ ပေအရှည်ရှိတဲ့တံတားဖြစ်ပါတယ်။ ဒီတံတားကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၇၅ သန်းနှင့် ၅၀ ပေအရှည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ တတိယတံတားဖြစ်တဲ့ မိုင် ၂၁/၁ နှင့် ၂၁/၂ အကြားမှာရှိတဲ့ တွင်းလည်သစ်သားတံတားကိုလည်းပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၁ သန်းနှင့် ၄၀ ပေအရှည် နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ စတုတ္ထတံတားဖြစ်တဲ့ မိုင် ၁၇/၀ နှင့် ၁၇/၂ အကြားမှာရှိတဲ့ တံတားအမှတ် ၁/၁၈ ဆင်မကျသစ်သားတံတားကိုလည်းပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ပဲ ကျပ် ၉၁ သန်းနှင့် ပေ ၄၀ အရှည် နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ် မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ တံတား ၄ စင်းအား စတင်တည်ဆောက်ရန်အတွက် မြေစမ်းသပ်ခြင်း၊ ပုံစံထုတ်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီတံတား ၄ စင်းကို မူလလမ်းအူကြောင်းပေါ်မှာပဲ ပြန်လည်တည်ဆောက်မှာဖြစ်တဲ့အတွက် မိုးတွင်း ကာလမှာ တည်ဆောက်လို့ရှိရင် လမ်းလွှဲအခက်အခဲရှိတာကြောင့်မို့လို့ ပွင့်လင်းရာသီမှာ ဒီတံတား များအားလုံးကို အပြီးတည်ဆောက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုးမောက်မြို့နယ်တွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲ ပြန်လည်ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်းကိုယ်စား တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင် ဖြစ်ပါတယ်။ ကချင်ပြည်နယ် မိုးမောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်း များ မေးမြန်းအပ်ပါသည်။ မိုးမောက်မြို့နယ်မှာ ယခင်က မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်ခွဲရှိခဲ့ရာ နောက်ပိုင်းတွင် အခြေအနေအကြောင်းကြောင်းကြောင့် ဗန်းမော်ခရိုင်တွင် ပြန်လည်တွဲပြီး ဖွင့်လှစ်ခဲ့ရ ပါသည်။ ယခုကာလတွင် နိုင်ငံတော်မှ တောင်သူလယ်သမားများအား ချေးငွေများကို တိုးမြှင့်ပေးနေပြီ ဖြစ်သည့်အတွက် မိုးမောက်မြို့နယ်တွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲအား ပြန်လည်ဖွင့်လှစ်ပေး ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးဇော်ထွန်း၊ မိုးမောက်မဲဆန္ဒနယ်ကိုယ်စား ဦးစိုင်းသိန်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ၁၇-၆-၂၀၁၃ ရက်နေ့မှစတင်ပြီး မြို့နယ်ဘဏ်ခွဲအားလုံးမှ တစ်ပြိုင်တည်း ထုတ်ချေးနေပြီဖြစ်ပါတယ်။ ဗန်းမော်မြို့နယ်ဘဏ်ခွဲသို့ ချေးငွေရန်ပုံငွေ ကျပ်သိန်း ၆၃၂၀ ခွင့်ပြုပေးထားပြီး၊ ၎င်းရန်ပုံငွေထဲမှ မိုးမောက်မြို့နယ်သို့ ချေးငွေကျပ်သိန်း ၄၈၀၀ ခွဲဝေခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ မိုးမောက်မြို့နယ်ရှိ ကျေးရွာများမှ တောင်သူများအားချေးငွေလိုအပ်ချက်များရှိပါက ချေးငွေရရှိရေးအတွက် ဗန်းမော်မြို့နယ်ဘဏ်ခွဲမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ယခင်က မိုးမောက်မြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ယူ၍ ကိုယ်စားလှယ်ရုံးခွဲအဖြစ်ဖွင့်လှစ်ခဲ့သော်လည်း ၁၈-၁၁-၁၉၉၇ ရက်နေ့မှစ၍ ချေးငွေနည်းပါးခြင်း၊ အရှုံးပေါ်ခြင်းနှင့် နယ်မြေလုံခြုံရေးတို့ကြောင့် ကိုယ်စားလှယ်ရုံးခွဲအဖြစ်မှ ပိတ်သိမ်းခဲ့ပါတယ်။ မိုးမောက်မြို့နယ်တွင် ဘဏ်ခွဲအသစ်ဖွင့်လှစ်မည်ဆိုပါက ဘဏ်ခွဲဖွဲ့စည်းပုံရရှိရန် လိုအပ်ခြင်း၊ ဝန်ထမ်းအင်အား စုစုပေါင်းရဲ့ ၃ ပုံ ၂ ပုံ အင်အားသာ ခန့်ထားခွင့်ပြုသည့် ကန့်သတ်ချက်ရှိနေခြင်း၊ အဆောက်အဦလိုအပ်ခြင်း၊ ဘတ်ဂျက်ရန်ပုံငွေလိုအပ်ချက်ရှိခြင်းစတဲ့အခက်အခဲများကြောင့် လောလောဆယ်အနေဖြင့် ဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ၁ ဧကချေးငွေနှုန်းထားများ တိုးမြင့်လာသည့်အတွက် ထုတ်ချေးငွေပမာဏများပြားခြင်း၊ ပြန်လည်ကောက်ခံရာမှာ ကြီးမားသော ဝန်ဆောင်မှုအဖြစ်ဆောင်ရွက်နေရသော်လည်း ဗန်းမော်ဘဏ်ခွဲရှိဝန်ထမ်းများမှ အောင်မြင်အောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သိန္နီမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး ဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာ

ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင် သိန္နီမြို့နယ်သည် လယ်ယာလုပ်ငန်းကို အဓိကအလေးထား လုပ်ကိုင်ခဲ့သော ဒေသဖြစ်ပါသည်။ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၁၁ အုပ်စုတို့မှ တောင်သူလယ်သမားများသည် နှစ်စဉ်မိုးစပါး မိုးသီးနှံများကို လားရှိုးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ငွေစုလက်မှတ်များဖွင့်လှစ်ကာ လိုအပ်သော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး မြေစာရင်းဦးစီးဌာနများ၏ စိစစ်ထောက်ခံချက်တို့ဖြင့် လားရှိုးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အမှုတွဲဖွင့်လျှောက်၍ စိုက်ပျိုးရေးစရိတ်ကို ထုတ်ချေးလျက် ရှိပါသည်။ ၂၀၁၂ခုနှစ် မိုးရာသီတွင် သိန္နီမြို့နယ် တောင်သူလယ်သမား ၆၉၇ ဦးမှ စပါး ၃၁၆၂ ဧက၊ ပြောင်း ၂၁၅၁ ဧကနှင့် ပဲပုတ် ၅ ဧက၊ စုစုပေါင်း ၅၃၂၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁၇၉၆.၁ သိန်းကို လားရှိုးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ သိန္နီမြို့နယ်သို့ လာရောက်ကွင်းဆင်းကာ ထုတ်ချေးခဲ့ရပါသည်။ ယင်းသို့ထုတ်ချေးငွေရခြင်းကြောင့် ပြန်လည်ပေးဆပ်ချိန်ရောက်ရှိသည့်အခါလည်း လားရှိုးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ သွားရောက်ပေးချေကြရာမှာ တောင်သူတစ်ဦးချင်းပေးဆပ်ရာတွင် လမ်းခရီးအခက်အခဲကြောင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများမှ စုစည်းကာ ကိုယ်တိုင် လားရှိုးမြို့သို့ သွားရောက်ကာပေးသွင်းခြင်း၊ သိန္နီမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ငွေလွှဲဖြင့်ပေးသွင်းခြင်းများကို ဆောင်ရွက်ခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် သတ္တမပုံမှန်အစည်းအဝေးလာတက်တဲ့ကာလအတွင်းမှာပဲ အစိုးရမှ တောင်သူလယ်သမားများ ထုတ်ချေးပေးခဲ့ပါတယ်။ အစိုးရမှ တစ်ဧက ကျပ်တစ်သိန်း ထုတ်ချေးခဲ့ပါသော်လည်း တာဝန်ခံငွေထုတ်ပေးသော သိန္နီမြို့နယ် ခမ်းကြိမ်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတီမျိုးမြင့်သည် တောင်သူလယ်သမား၏ ချေးငွေကို တောင်သူလယ်သမားထံသို့ ထုတ်ပေးရာတွင် အပြည့်အဝထုတ်ပေးခြင်း မရှိပါ။ ကိုယ်ကျိုးအတွက် ငွေအချို့ကို အလွဲသုံးစားမှုများ ပေါ်ပေါက်နေသည်ကို ပြည်သူလူထုတွေက ကျွန်တော့်ဆီမှာ တိုင်ကြားတင်ပြလာပါတယ်။ ရှမ်းပြည်နယ်အစိုးရထံ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြခဲ့ပါသော်လည်း တစ်စုံတစ်ရာမှ အရေးယူဆောင်ရွက်မှုမရှိခဲ့ပါ။ ဤသို့ အခက်အခဲများကို သိန္နီမြို့နယ်မှာ ကြုံတွေ့နေရပါသဖြင့် အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများ၏ ကိုယ်စား မေးမြန်းအပ်ပါသည်-

(က) သိန္နီမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးလာရောက်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ။

(ခ) ဖွင့်လှစ်ရန် အစီအစဉ်ရှိပါက မည်သည့်နေ့ရက်၊ ခုနှစ်တွင်ဖွင့်လှစ်ပေးပါမည်နည်း။ ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ပါသနည်း။ ကျေးဇူး အများကြီးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ သိန္နီမြို့နယ်ရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးအတွက် လားရှိုးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် မိုးချေးငွေကို ကျပ်သန်း ၁၇၉.၆၁ သန်း ထုတ်ချေးပေးခဲ့ပြီး ယခုနှစ် ၂၀၁၃ ခုနှစ် မိုးချေးငွေကို ကျပ်သန်း ၄၇၉၉.၈ သန်းအထိ တိုးတက်ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ သိန္နီမြို့နယ်မှာ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအသစ် ဖွင့်လှစ်ရေးကိစ္စနှင့်ပတ်သက်၍ ဘဏ်ခွဲအသစ်ဖွင့်လှစ်မည်ဆိုပါ က ဘဏ်ခွဲဖွဲ့စည်းပုံရရှိရန်လိုအပ်ခြင်း၊ ဝန်ထမ်းအင်အား စုစုပေါင်းရဲ့ သုံးပုံနှစ်ပုံအင်အားသာ ခန့်ထား ခွင့်ပြုသည့် ကန့်သတ်ချက်များရှိနေခြင်း၊ အဆောက်အဦလိုအပ်ခြင်း၊ ဘတ်ဂျက်ရန်ပုံငွေလိုအပ်ချက် ရှိခြင်းစသည့် အခက်အခဲများကြောင့် လောလောဆယ်တွင် သိန္နီမြို့နယ်ဘဏ်ခွဲ အသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးသော်လည်း သိန္နီမြို့နယ်ရှိ တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးဆပ် ချိန်တွင် အဆင်ပြေစေရန်အတွက် လားရှိုးမြို့သို့လာရောက်ပေးဆပ်ရန်မလိုဘဲ၊ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာချေးငွေ စိစစ်ရေးအဖွဲ့များနှင့်ညှိနှိုင်းပြီး၊ သိန္နီမြို့နယ်တွင် ငွေပေးဆပ် နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့သိန္နီမြို့မှာ ချေးငွေကို သွားရောက်ချေးပါသော်လည်း ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ချေးငွေကိုအပြည့်အဝလာ ရောက်ထုတ်ပေးခြင်းမရှိပဲနဲ့ ပြည်သူလူထုတွေရဲ့ချေးငွေတွေကို တောင်သူများရဲ့ချေးငွေကို သူတို့က ကိုယ်ကျိုးအနေနဲ့ သူတို့သုံးစွဲနေတဲ့အတွက်ကြောင့် အဲ့ဒီကိစ္စရပ်များကို ဘယ်လိုစီစဉ်ဆောင်ရွက် ပေးမယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ကို မေးခွန်းဖြစ်ဖြစ် နည်းနည်းလေးသိပါရစေခင်ဗျား။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေထုတ်ချေးရေးဥပဒေမှာ ကျေးရွာအုပ်စုချေးငွေ ထုတ်ချေးရေးအဖွဲ့များဆိုပြီး ဖွဲ့စည်းထားထားဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လယ်ယာမြေ ဥပဒေအသစ်အရ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဆိုတာကိုလည်း ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာမြေဥပဒေအရနဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေအရ ကျေးရွာချေးငွေစိစစ်ရေး အဖွဲ့များကို ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကနေ စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးမယ် ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးများရဲ့ အလွဲသုံးစားပြုမှုများဟာ တဖြည်းဖြည်းလျော့ပါးသွားမှာ ဖြစ်ပါတယ်။ ဒီလိုမဖြစ်အောင်လည်း လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပညာပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နာယက ပြည်ထောင်စုလွှတ်တော်ထံ စာတစ်စောင်ပေးပို့ လာပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် နာယက ကလည်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ စာတစ်စောင်ပေးပို့လာတာရှိပါတယ်။ ဒီစာပါအကြောင်းအရာများကို လွှတ်တော် ကိုယ်စားလှယ်များထံ အသိပေးတင်ပြပါမယ်။

သို့

နာယက

ပြည်ထောင်စုလွှတ်တော်၊

အကြောင်းအရာ။ **လွှတ်တော်ကိုယ်စားလှယ် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ရေးဆက်လက်ဆောင်ရွက်ပေးပါရန်တင်ပြခြင်း။**

ရည် ညွှန်း ချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ရက်စွဲပါစာအမှတ်၊ ရည်ညွှန်းချက်(၁)၊ ရည်ညွှန်းချက် (၂)၊ ရည်ညွှန်းချက် (၃) တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် မြိတ် မဲဆန္ဒနယ် အမှတ်(၁)မှမဲဆန္ဒရှင်များ၏ ၁၁-၁၀-၂၀၁၂ ရဲ့ ရက်စွဲပါ တိုင်ကြားစာ၊ ရည်ညွှန်းချက်(၄) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တိုက်ကြီးမဲဆန္ဒနယ် အမှတ်(၂)မှ မဲဆန္ဒရှင်များ၏ ၁၂-၁၀-၂၀၁၂ ရက်စွဲပါတိုင်ကြားစာ၊ ရည်ညွှန်းချက်

(၅) ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)မှ မဲဆန္ဒရှင်များ၏ ၆-၁၁-၂၀၁၂ ရက်စွဲပါတိုင်ကြားစာ၊ ရည်ညွှန်းချက်(၆) ပြည်သူ့လွှတ်တော် တံတားဦးမဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ၏ ၄-၂-၂၀၁၃ ရက်စွဲပါတိုင်ကြားစာ၊ ရည်ညွှန်းချက်(၇) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ရည်ညွှန်းစာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၃၈ တွင် အောက်ပါအတိုင်း လမ်းညွှန်ပြဋ္ဌာန်းချက်ပါရှိပါသည်။

(က) နိုင်ငံသားတိုင်းသည် ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနဲ့အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂။ ယင်းလမ်းညွှန်ချက်အခြေခံမူအရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၆၉ ပုဒ်မခွဲ(ခ)တွင် သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များကို ဥပဒေနဲ့အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟု နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးထားပါသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(က)တွင် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်းအချက်များကိုလည်းကောင်း၊ ပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ) တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်များရှိပါသည်။

၃။ အထက်အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ၎င်းတို့မဲဆန္ဒနယ်မှ ရွေးကောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းလိုကြောင်း ရည်ညွှန်း (၃)၊ (၄)၊ (၅)၊ (၆) တို့ပါစာများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြတိုင်တန်းမှုများရှိခဲ့ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ (ဂ)၊ (ဃ)၊(င)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ည)တို့ပါ ပေးအပ်ထားသောတာဝန်များအရ အပိုဒ် ၃ ပါအတိုင်းတင်ပြလာသည့် မဲဆန္ဒရှင်ပြည်သူများ၏ တိုင်တန်းချက်များကို ဆက်လက်ဆောင်ရွက်လိုသော်လည်း အခြေခံဥပဒေပြဋ္ဌာန်းချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟုဖော်ပြထားသဖြင့် ယင်းကိစ္စအတွက် ပြဋ္ဌာန်းဥပဒေတစ်ရပ် မလွဲမသွေလိုအပ်လာပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ တွင်လည်း ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စအတွက် လိုအပ်သောဥပဒေပြဋ္ဌာန်းပေးရမည်ဟုဖော်ပြပါရှိပြီးဖြစ်ပါသည်။

၅။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကော်မရှင်၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်လည်းကောင်း၊ ရည်ညွှန်း(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြင့် တင်ပြတိုင်တန်းထားသောမဲဆန္ဒရှင် နိုင်ငံသားများ၏ မူလအခွင့်အရေးကို ရပ်တည်ကာကွယ်ပေးရန်အတွက်လည်းကောင်း၊ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ရည်ညွှန်း(၁)၊ (၂)စာတို့ဖြင့် နှစ်ကြိမ်တိုင်တိုင်ရေးသားအကြံပြုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ဥပဒေကို စီမံခန့်ခွဲမှုပြုရန်တာဝန်ရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကသာ ယင်းဥပဒေကြမ်းကို တင်သွင်းရန်အကြံပြုသဖြင့် ကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ(က)နှင့်အညီ ရည်ညွှန်း(၇)ပါစာဖြင့် ဥပဒေကြမ်းကိုပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။

၆။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တရားဝင်အဆိုဖြင့် မတင်သွင်းမီမှာပင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း လိုအပ်သည့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ၆-၁၁-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် တရားဝင်အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများကို ၁၆-၁၁-၂၀၁၂ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် လွှတ်တော်က ဖိတ်ခေါ်ကြေညာရာတွင် အဆိုတင်သွင်းလိုသူ ၇ ဦးရှိကြောင်းလည်းသိရှိရပါသည်။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၈ ပုဒ်မခွဲ(က)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်သို့တင်သွင်းလာသော ဥပဒေကြမ်းတစ်ရပ်ကို ဆွေးနွေးဆုံးဖြတ်ပေးရမည်ဖြစ်ပြီး ယင်းသို့ ဆွေးနွေးဆုံးဖြတ်အတည်ပြုသည် သို့မဟုတ် ပြင်ဆင်ချက်ဖြင့်အတည်ပြုသည့်ဥပဒေကြမ်းကို အခြားလွှတ်တော် အမျိုးသားလွှတ်တော်တစ်ရပ်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့ရာတွင် ၂၃-၈-၂၀၁၃ ရက်နေ့တွင်ပြုလုပ်သည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် လွှတ်တော်

ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအား ဆိုင်းငံ့ထားသင့်ကြောင်း ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး လွှတ်တော်ကဆိုင်းငံ့ထားရန် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတွင် ဥပဒေကြမ်းဆိုင်းငံ့ထားရန် အဓိကအကြောင်းပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပေဒပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒရှင် ၁ ရာခိုင်နှုန်းက တိုင်တန်းခွင့်ရှိသောပြဋ္ဌာန်းချက်သည် ရှုံးနိမ့်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများက စည်းရုံးပြီး ဆောင်ရွက်လာနိုင်သောကြောင့် ယှဉ်ပြိုင်ခဲ့သည့်ကိုယ်စားလှယ်များအကြား မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လာနိုင်ကြောင်းနှင့် Right to Recall အခွင့်အရေးကို မဲဆန္ဒရှင် ၁ ရာခိုင်နှုန်းက ကျင့်သုံးခြင်းမှာ အခြားဒီမိုကရေစီနိုင်ငံများတွင်မရှိသဖြင့် အခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)ကို ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက ဆန်းစစ်လေ့လာမှုပြုရန်လိုအပ်နေကြောင်းစသည့် အကြောင်းပြချက်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန်းစစ်လေ့လာမှုပြုနေစဉ်ကာလအတွင်း ယင်းဥပဒေကြမ်းကိုဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရပါသည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို လေ့လာကြည့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းက တိုင်တန်းချက်များကို ကော်မရှင်သို့တင်ပြရန် အခြေခံဥပဒေပြဋ္ဌာန်းချက်အတိုင်းပါရှိသော်လည်း ယင်းသို့ တိုင်တန်းသည်နှင့်တစ်ပြိုင်နက် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းသည်မဟုတ်ဘဲ ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း၊ ကာယကံရှင်ကိုယ်စားလှယ်ကလည်း ခုခံချေပခွင့်ရှိကြောင်း တိုင်ကြားချက်မမှန်က ပယ်မည်ဖြစ်ပြီး မှန်ကန်မှုရှိလျှင်ပင် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဆန္ဒမဲပေးပွဲထပ်မံပြုလုပ်၍ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာအတည်ပြုဆုံးဖြတ်မည်ဖြစ်ကြောင်း ဥပဒေကြမ်းပြုစုထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် တိုင်တန်းခွင့်ရှိသူအရေအတွက်ကိုသာ အခြေခံဥပဒေနှင့်အညီ တစ်ရာခိုင်နှုန်းသတ်မှတ်ထားသော်လည်း နောက်ဆုံး အဆုံးအဖြတ်ပြုရာမှာ ၅၀ ရာခိုင်နှုန်းကျော် Majority Vote ဖြင့် ဒီမိုကရေစီနည်းကျဆုံးဖြတ် အတည်ပြုမည် ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် အခြေခံဥပဒေပုဒ်မ ၁၀၀(က)နှင့်အညီ ဥပဒေကြမ်းတင်သွင်းပြီးဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် အခြေခံဥပဒေပုဒ်မ ၃၉၇ အရလွှတ်တော်ကိုယ်စားလှယ်များ

ထံမှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကိုပြဋ္ဌာန်းရမည်ဟုဖော်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်၏တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်သည်လည်း အခြေခံဥပဒေပုဒ်မ ၁၃၈ (က) (ဂ)တို့နှင့်အညီ ဥပဒေကြမ်းကိုအတည်ပြုဆောင်ရွက်ရန် ပြဋ္ဌာန်းထားရှိပြီးဆိုင်းငံ့နိုင်ကြောင်း ဥပဒေတွင်ပြဋ္ဌာန်းထားခြင်းမရှိပါ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသောအားဖြင့်သော်လည်းကောင်း၊ မဲဆန္ဒရှင်နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ကို အလေးထားသောအားဖြင့်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းအားဆက်လက်ဆွေးနွေးအတည်ပြုပေးပါရန်အကြံပြုအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုအစိုးရအဖွဲ့

ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၊

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

**မိတ္တူကို**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊

ဥက္ကဋ္ဌရုံး၊

လက်ခံစာတွဲ၊

မျှောစာတွဲ

ပြည်ထောင်စုလွှတ်တော်နာယကထံတင်ပြအကြံပြုခဲ့ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော် နာယကကလည်း

စာအမှတ် ၁/ပထ(စဝ)၁/၂၀၁၃ -၁၃၀

ရက်စွဲ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ရန်ကိစ္စ**

ရည်ညွှန်းချက် ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၈-၈- ၂၀၁၃ ရက်စွဲပါစာအမှတ် ၃၈/စမ(စည်း)၂၂/ကမရ

၁။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ရည်ညွှန်းစာဖြင့်အကြံပြုလာပါသည်။

၂။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ စာလျှင်စွာဆောင်ရွက်ရေး သုံးသပ်ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားပါသည်။

နာယက

ပြည်ထောင်စုလွှတ်တော်

**မိတ္တူကို**

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုအစိုးရအဖွဲ့

ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်တဲ့ကိစ္စဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိရှိသုံးသပ်ဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုပြန်လည်တင်ပြရင်းဖြစ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်တွင် အဓိကတာဝန်တစ်ခုဖြစ်သော မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများတင်သွင်းခြင်းနဲ့ ဥပဒေကြမ်းများကို အတည်ပြုဖို့ ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ကြပါတယ်။ သာမန်အားဖြင့် မေးခွန်းများသည် အရေးမကြီးဟုထင်စရာရှိသော်လည်း ပြည်သူလူထု၏ လိုလားတောင့်တချက်များ၊ တစ်နည်းအားဖြင့် ပြည်သူများ၏အသံများကို ဒီမိုကရေစီနည်းလမ်းဖြင့် ဖော်ဆောင်ပေးနေခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သော မေးခွန်းအပေါ် မူတည်၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်ဖြေကြားပေးရခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းများကို ဝမ်းမြောက်စွာတွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။ မေးခွန်းများကို ဖြေကြားပြီး ဖြေကြားချက်ပေါ် မူတည်၍ ကတိဖြစ်လာပါက လုပ်ဆောင်ပေးရခြင်းများလည်း ရှိပါတယ်။ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ယနေ့အချိန်ထိ ကတိကဝတ်ဖြစ်ပြီး ကြယ်ပွင့်ပြမေးခွန်း ၄၄၀ ခုနှင့် ဆောင်ရွက်ရန်ကျန် ၁၇၂ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၈၄၄ ခုနှင့် ဆောင်ရွက်ရန်ကျန် ၆၈၂ ခု၊ အတည်ပြုအဆို ၇၅ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၃၀ ခုဖြစ်ကြောင်း အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာတွင် တွေ့ရှိရပါတယ်။ ဒါဟာ လွှတ်တော်တွင် မေးလာသောမေးခွန်းများမှ ကိုယ်စားလှယ်ကြီးများရဲ့ဒေသနှင့် မြန်မာပြည်တစ်လွှားပြည်သူများ၏ လိုအပ်ချက်အခက်အခဲများကို ဖော်ပြနေခြင်းဖြစ်၍ သက်ဆိုင်ရာသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းနေရခြင်းကိုလည်း သဘောပေါက်လက်ခံပါတယ်။ ဒါကြောင့်လည်း ကိုယ်စားလှယ်များ၏ မေးခွန်းများကို မေးမြန်းခွင့်ရရှိစေလိုပါတယ်။ အားလုံးအတွက် မျှမျှတတဖြစ်စေဖို့ရွေးချယ်ပြီး ကိုယ်စားလှယ်များ ကျင့်ဝတ်စည်းကမ်းနှင့် အချိန်ပိုယူမှုမရှိစေရေးအတွက် စိတ်မကောင်းစွာဖြင့် သတိပေးခဲ့ရသည်များလည်းရှိပါတယ်။ ယခုသတ္တမပုံမှန်အစည်းအဝေးတွင် မေးခွန်းပေါင်း ၁၂၆၂ ခုရှိပြီး ကြယ်ပွင့်ပြအနေဖြင့် ၄၄၂ ခုရှိသည့်အနက် ဖြေကြားပြီး ၂၅၁ ခုရှိ၍ ထက်ဝက်ကျော်သာ မေးမြန်းခွင့်၊ ဖြေကြားခွင့် အခွင့်အရေးများရရှိခဲ့ပါတယ်။ကြယ်ပွင့်မပြမေးခွန်း ၈၂၀ အနက် ဖြေကြားနိုင်တဲ့မေးခွန်းကတော့ ၅၃၂ ခု ဖြစ်၍ သုံးပုံနှစ်ပုံသာဖြေကြားနိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မေးလာသောမေးခွန်းများကို မျှမျှတတမေးမြန်းခွင့်ရရှိရေးသည် သတ်မှတ်ထားသောစည်းကမ်း

နှင့် ကျင့်ဝတ်များကိုလိုက်နာပြီး အခွင့်အရေးပိုယူသည့် အဖြစ်မျိုးမရောက်ရှိစေရန် အချိန်ကိုလေးစားတန်ဖိုးထားရမည်ကိုဖော်ပြနေပါတယ်။ ဒီတစ်ပတ် ပြည်သူ့လွှတ်တော်ကိုရောက်ရှိ လာတဲ့အဆို ၁၂ ခု၊ အရေးကြီးအဆို ၃ ခု၊ စုစုပေါင်း ၁၅ ခုရှိပါတယ်။ ယင်းထဲမှ မေးခွန်းပြောင်း ၃ ခု၊ ပြန်လည်ရုပ်သိမ်း ၂ ခု၊ ပြည်ထောင်စုအစိုးရအဖွဲ့ချုပ်ရေးအဖွဲ့မှ အသင့်မဖြစ်၍ ပြန်ကြားခြင်း မပြုသေးသောရရန်ကျန် ၄ ခု၊ အသင့်ဖြစ်နေသော်လည်း ဒီနေ့မဆောင်ရွက်နိုင်တဲ့တစ်ခုရှိပါတယ်။ တင်သွင်းအဆို ၅ ခုမှာ အတည်ပြု အဆို ၃ ခု၊ မှတ်တမ်းတင်အဆို ၂ ခုဖြစ်ခဲ့ပါတယ်။ အတည်ပြုအဆို ၂ ခု၊ မှတ်တမ်းတင်အဆို ၁ ခု၊ မေးခွန်း ၁ ခု၊ စုစုပေါင်း ၄ ခုကို နိုင်ငံတော်သမ္မတကြီးထံသဝဏ်လွှာ ဖြင့်ပေးပို့နိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ဒီကာလအတွင်း ဆွေးနွေးရန် ၃၈ ခုရှိပြီး ဆွေးနွေးနိုင်တာ ၂၈ ခု၊ ပြီးပြတ်တာ ၁၆ ခု၊ ပြီးပြတ်ရန်ကျန် ၁၂ ခုနဲ့ ဆွေးနွေးရန်ကျန် ၁၀ ခုရှိပါတယ်။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအတွင်း အနည်းအကျဉ်းမပြောပလောက်သည့်အားနည်းချက်များမှအပ လွှတ်တော်ကိုယ်စားလှယ်များသည် ပူးပေါင်းဆောင်ရွက်မှုများဖြင့် တာဝန်ကျေစွာထမ်းဆောင်ခဲ့ကြ၍ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကျေနပ်ဝမ်းမြောက် ဂုဏ်ယူကြောင်းပြောကြားလိုပါတယ်။ လွှတ်တော်ရပ်နားချိန်တွင်လည်း ကျန်းမာရွှင်လန်းစွာဖြင့် မိမိမဲဆန္ဒနယ်ပြည်သူများထံသွား၊ ပြည်သူ့အသံနားထောင်၊ ပြည်သူ့အခက်အခဲနဲ့ လိုအပ်ချက်များကို မြင်အောင်ကြည့်၍ ပြည်သူ့လိုအပ်ချက်များကို ဆောင်ရွက်နိုင်ကြရန် တစ်လခန့်အကြာတွင်ပြန်လည်ကျင်းပမည့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာ ပြန်လည်တွေ့ဆုံကြဖို့ ဆန္ဒပြုရင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပြီးစီးကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ အစည်းအဝေးပြီးဆုံးပါပြီ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်းနဲ့ ယနေ့အတွက် အစည်းအဝေး ပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ကျင်းပပြီးစီးပါသည်။]